Australian Aid

BUSINESS COALITION FOR GENDER EQUALITY

INVESTING IN WOMEN
SMART ECONOMICS
AN INITIATIVE OF THE AUSTRALIAN GOVERNMENT

# လုပ်ငန်းခွင် ထိပါးနှောင့်ယှက်ခြင်းများ မဖြစ်အောင် ဆောင်ရွက်ကြပါစို့!

## အဖွဲ့အစည်းများအတွင်း ထိပါးနှောင့်ယှက်မှုပုံစံများမှာ–



ခွဲခြားဆက်ဆံပြီး ထိပါးနှောင့်ယှက်ခြင်း
(ကျား၊ မ ကွဲပြားမှု၊ လူမျိုး၊ ဘာသာ၊
လိင်စိတ်ခံစားမှု၊ မသန်စွမ်းမှု၊ အသက်အရွယ်)



ရုပ်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း



အခွင့်အာဏာပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း



စိတ်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း



အင်တာနက်မှတစ်ဆင့် ထိပါးနှောင့်ယှက်ခြင်း




လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း

**လိင်** ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်ခြင်းဆိုသည်မှာ လူတစ်ဦးအား အရှက်ရစေပြီး ကြောက်လန့်စော်ကားခံရမှုဖြစ်သွားစေမည့် ထိုသူ မနစ်သက် မကြိုက်၊ ဖိတ်ခေါ်မှု မပြုလုပ်ဘဲ ပြုမူသည့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုကို ခေါ်ပါသည်။



## လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်သည့် အပြုအမူအချို့မှာ–

| | |
|---|---|
| ရုပ်ပိုင်းဆိုင်ရာ | ခွင့်မပြုဘဲ ထိခြင်း၊ နမ်းခြင်း၊ ဖက်ခြင်း၊ နှိပ်ခြင်း၊ ပွတ်သပ်ခြင်း |
| နှုတ်ပိုင်းဆိုင်ရာ | ညစ်ညမ်းသော ဟာသများပြောခြင်း၊ စောင်းပြောခြင်း၊<br>လိင်ပိုင်းဆိုင်ရာအခွင့်အရေးရရှိအောင် ထပ်ခါတလဲလဲ ပြောခြင်း |
| အပြုအမူဆိုင်ရာ<br>(နှုတ်ဖြင့်မဟုတ်ဘဲ) | လိင်နှင့်ပတ်သက်သည့် ရုပ်ဝတ္ထုများ၊ ပုံများ၊ မဂ္ဂဇင်းများ<br>ကာတွန်း ပိုစတာများပြခြင်း၊ စူးစိုက်ကြည့်ခြင်း၊ အမူအယာဖြင့်ပြခြင်း |

**ယခုမှစလို့ လုပ်ငန်းခွင်အတွင်း ထိပါးနှောင့်ယှက်ခြင်းများမဖြစ်အောင် ဆောင်ရွက်ကြပါစို့!**

Australian Aid

BUSINESS COALITION FOR GENDER EQUALITY


INVESTING IN WOMEN
SMART ECONOMICS
AN INITIATIVE OF THE AUSTRALIAN GOVERNMENT

# လုပ်ငန်းခွင် ထိပါးနှောင့်ယှက်ခြင်းများ
# မဖြစ်အောင် ဆောင်ရွက်ကြပါစို့!

## အဖွဲ့အစည်းများအနေဖြင့်လုပ်ဆောင်နိုင်သော အရာများ

- ခေါင်းဆောင်သူ / ဦးဆောင်သူတို့၏ ကတိကဝတ်ပြုမှု
- လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုဆိုင်ရာ တိကျသော မူဝါဒ ရှိခြင်း
- သက်ဆိုင်သူများ (ဝန်ထမ်း၊ ကြီးကြပ်သူ၊ မန်နေဂျာ စသဖြင့်) အား သင်တန်းပေးခြင်း
- ဝန်ထမ်းတစ်ဦးမှ ထိပါးနှောင့်ယှက်ခံရသည်ဟု တိုင်ကြားလာပါက စနစ်တကျကိုင်တွယ် ဖြေရှင်းခြင်း


ချက်ခြင်းကိုင်တွယ် ဖြေရှင်းပါ။


ပွင့်လင်းမှုရှိပါ။


ထိပါးနှောင့်ယှက်ခြင်း ပြုလုပ်ခံရသူအား လေးစားကြင်နာစွာဆက်ဆံပါ။ ပြုလုပ်ခံရသူအား အပြစ်တင်ခြင်းမပြုလုပ်ပါနှင့်


ပြဿနာနှင့်ပတ်သက်ခဲ့သူ၊ ပါဝင်နေသူအားလုံးအား တွေ့ဆုံမေးမြန်းပါ။


လျှို့ဝှက်ချက်ကို ထိန်းသိမ်းပါ။


သင့်လျော်သည့် အရေးယူမှုကို ပြုလုပ်ပါ။

## ဝန်ထမ်းတစ်ဦးချင်းစီမှ လုပ်ဆောင်နိုင်သော အရာများ


ထိပါးနှောင့်ယှက်မှုသည် အဆင်မပြေကြောင်း ပြုလုပ်သူအား တိုက်ရိုက်ပြောဆိုအသိပေးပါ။ လုပ်ဖော်ကိုင်ဘက် သူငယ်ချင်းမှ ထိပါးနှောင့်ယှက်မှုခံရပါက ပြုလုပ်ခံရသူကိုပြစ်တင်ပြောဆိုခြင်းမပြုဘဲ ထိုသူနှင့်အတူ ရပ်တည်ပေးပါ။


ထိပါးနှောင့်ယှက်ခံရမှုကို မှတ်တမ်းတင်ပါ။

သက်ဆိုင်ရာကြီးကြပ်သူ (သို့) လူ့စွမ်းအားအရင်းအမြစ်ဌာနသို့ အစီရင်ခံပါ။



အားလုံးပါဝင် ပတ်သက်နေသော လုပ်ငန်းခွင်တစ်ခုကို ဖန်တီးပါ။



**လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုနှင့် အခြားသော ထိပါးနှောင့်ယှက်မှုများသည် စီးပွားရေးလုပ်ငန်းများကို ထိခိုက်နိုင်စေသည့်အပြင် ပျော်ရွှင်သောလုပ်ငန်းခွင်ကိုလည်း မဖန်တီးနိုင်ပါ။**

**ယခုမှစလို့ လုပ်ငန်းခွင်အတွင်း ထိပါးနှောင့်ယှက်ခြင်းများမဖြစ်အောင် ဆောင်ရွက်ကြပါစို့!**